⑧

## တီဘီရောဂါလို့သတ်မှတ်ခံလာရခဲ့လျှင် • • •(အပိုက်ကြီး 37 ရဲ့ 2)

★ တီဘီဆိုတာဟာ

တီဘီသည် တီဘီရောဂါပိုးကိုရှုမိပြီး အများအားဖြင့်အဆုတ်၏ရောင်ရမ်းခြင်းရောဂါကိုဖြစ်ပေါ်စေသည့်ရောဂါဖြစ်ပါသည်။

ကူးဆက်ရတော့ခံနေရပြီ ဒါပေမဲ့ သလိပ်ထဲမှာတီဘီရောဂါပိုးကထွက်မလာသေးဘူးပေ့ါပါးနေသေးတယ်ဆိုလျှင်၊အခြားသူကိုကူးဆက်ဖို့ဆိုတာတော့မဖြစ်သေးပါ။

သလိပ်ထဲမှာတီဘီရောဂါပိုးထွက်လာတာတွေ့လာရလျှင်၊ချောင်းဆိုးခြင်းနှာချေခြင်းများပြုလုပ်ရုံဖြင့် ထိုပိုးဟာအပြင်သို့ပြန့်ထွက်လာမည်၊ထိုပိုးကိုပတ်ဝန်းကျင်မှသူများရှူရှိုက်လိုက်သည့်အခါ ကူးဆက်နိုင်ဖို့ဖြစ်လာနိုင်ပါသည်။

(အကယ်၍ကူးဆက်လာခဲ့ပါလျှင်လည်း သေခြာပေါက်ရောဂါဖြစ်လာနိုင်တယ်လို့မဆိုလိုပါ။)

တီဘီသည်၊ ဆရာဝန်၏ကုသမှုကိုသေခြာစွာလိုက်နာပြီး၊ ဆေးကိုပုံမှန်သောက်ပါက( ပုံမှန်၆လနှင့်အကျော်)ပျောက်ကင်းနိုင်သည့်ရောဂါဖြစ်ပါသည်။

★ တီဘီရောဂါအကြောင်းကြားအသိပေးခြင်း

တီဘီရောဂါသည်ကူးဆက်တတ်သည့်ရောဂါဖြစ်ပါသောကြောင့်၊ဥပဒေပြဋ္ဌာန်းမှုအောက်မှာ၊ ရောဂါရှာဖွေပေးသည့်ဆရာဝန်သည်လူနာ၏ လိပ်စာ၊အမည်၊မွေးနေ့၊လိင်အမျိုးအစားနှင့်လုပ်ငန်းခွင်များကိုပါ ဟိုကင်းဌာနများသို့အကြောင်းကြားပေးဖို့တာဝန်ရှိပါသည်။

ဆရာဝန်ထံမှအကြောင်းကြားစာကိုလက်ခံခဲ့သည့်ဟုတ်ကင်းဌာနသည် ဆရာဝန်ထံမှသတင်းနှင့်လူနာရှင် မိသားစုထံမှ ရောဂါအနေအထားနှင့်စားဝတ်နေထိုင်ရေးအခြေအနေများကိုမေးမြန်းရပါမည်။

★ ဆေးရုံတက်ရမည့်အကြောင်းကြားစာနှင့် တိတွေ့နေထိုင်ဖူးသူများတို့၏ကျန်းမာရေးအခြေအနေစီစစ်မှု

ဟိုကင်းဌာနသည် မေးမြန်းခဲ့သည့်အဖြေအရ အတူနေထိုင်သူများကိုပါတီဘီရောဂါကူးဆက်ခံနိုင်ရဖွယ်ရှိသည့်လို့ဆုံးဖြတ်ခဲ့လျှင် တီဘီရောဂါကိုကုသပေးနိုင်သည့်ဆေးရုံမှာတက်ဖို့(ကူးဆက်ရောဂါပိုင်းဆိုင်ရာဥပဒေများအပေါ်မူတည်ပြီး)စီစဥ်ပြုလုပ်ရပါမည်။

ထို့နောက် ဟိုကင်ဌာနမှ လိုအပ်လာပါလျှင် တီဘီရောဂါကူးဆက်ခံနေရသည်ဟုယူဆရသည့်မိသားစုနှင့်၎င်းတို့နှင့်ဆက်ဆံမှုရှိသည့်သူများကို ကျန်းမာရေးစစ်ဆေးဖို့ ဆက်လက်ပြောဆိုရပါမည်။

(သတိ)အခြားရောဂါကြောင့်ဆေးရုံတက်ရန်လိုအပ်ထားသူသည် ကူးဆက်နိုင်စရာမရှိသည်ကိုသေချာပါက(တီဘီအတွက်ဆေးရုံတက်ဖို့ ကိစ္စ)ကိုမပြုလုပ်ပါ။

★ ဆေးဝါးဆိုင်ရာကုန်ကျစရိတ်ကိုအစိုးရမှထောက်ပံ့ပေးခြင်း

တီဘီရောဂါကိုကုသမှုခံယူဖို့ဆိုရာတွင်၊ ဆေးဝါးကုသမှုကုန်ကျငွေ၏ ၁ဘုံကိုအစိုးရမှထောက်ပံ့ပေးပြီး၊ မိမိဘာသာပေး ဆောင်ရမည့်ငွေပမာနနဲပါးသွားစေရမည့် စစ်စတန်နီးလမ်းများရှိပါသည်။

(နောက်စာမျက်နှာမှာကြည့်ပါရန်)